## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

## (၃၄)ရက်မြောက်နေ့မှတ်တမ်း

### ၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက်

### (၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်)

### (အင်္ဂါနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့ကို နံနက် ၁၀း၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၁၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**[**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။**]**

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**မူကြမ်း**

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၄) ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦးရှိတဲ့အနက် ၃၆၃ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၆.၄၃ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးစိုးဝင်း(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့ အစည်းအဝေးမှာ ခွင့်ပန်ကြားသူများစာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအတွင်းရေးမှူးမှ တင်ပြပါမယ်။ ယနေ့ခွင့်ပန်ကြားသူများမှာ-

(၁) ခန္တီးမဲဆန္ဒနယ်မှ ဦးလှထွန်း ခွင့် ၄ ရက်၊

(၂) ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးရှိန်ကျော်ဝင်း ခွင့် ၁ ရက်၊

(၃) ဟိုပန်မဲဆန္ဒနယ်မှ ဦးကျင်ဝမ်း ခွင့် ၁ ရက်၊

(၄) ဖယ်ခုံမဲဆန္ဒနယ်မှ ဦးဖရန်စစ္စကို ခွင့် ၁ ရက်၊

(၅) တောင်သာမဲဆန္ဒနယ်မှ ဦးအောင်သောင်း ခွင့် ၄ ရက်၊

(၆) ငါန်းဇွန်မဲဆန္ဒနယ်မှ ဒေါက်တာမြဦး ခွင့် ၄ ရက်၊

မူကြမ်း

(၇) မံစီမဲဆန္ဒနယ်မှ ဦးထွန်းသိန်း(ခ)ဦးထွန်းထွန်း ခွင့် ၁ ရက်၊

(၈) ဖြူးမဲဆန္ဒနယ်မှ ဦးညွန့်လှိုင် ခွင့် ၂ ရက်၊

(၉) မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုး ခွင့် ၁ ရက်၊

(၁၀) မြင်းခြံမဲဆန္ဒနယ်မှ ဦးဝင်းမြင့် ခွင့် ၄ ရက်၊

(၁၁) အင်းတော်မဲဆန္ဒနယ်မှ ဦးကျော်နိုင်ဌေး ခွင့် ၂ ရက်၊

(၁၂) လောက်ကိုင်မဲဆန္ဒနယ်မှ ဦးကျော်နီနိုင် ခွင့် ၄ ရက်၊

(၁၃) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးစိုင်းကျော ခွင့် ၁ ရက်နှင့်

(၁၄) ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန် ခွင့် ၁ ရက်တို့ဖြစ်ပါတယ်။ ယနေ့ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၈ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၄၃ ဦး၊ ယနေ့ခွင့်ပြုထားသူ ၁၄ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၅၇ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစ စတင်ဆောင်ရွက်ပါမယ်။

**စက်မှုဇုန်ထုတ်ကားများ၊ သုံးဘီးကားများနှင့် နှစ် ၂၀)ကျော်ကားများကို ဖျက်သိမ်းရန်အတွက် ၃၁-၁၂-၂၀၁၄ ရက်တွင် နောက်ဆုံးထားအပ်နှံရန် သတ်မှတ်ချက်ကို ၃၁-၁၂-၂၀၁၅ ရက်သို့ တိုးမြှင့်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ မော်လမြိုင်မဲဆန္ဒနယ်မှ ဒေါ်ခင်ဌေးကြွယ်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်ဌေးကြွယ်(မော်လမြိုင်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်မကတော့ မွန်ပြည်နယ်၊ မော်လမြိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှ ဒေါ်ခင်ဌေးကြွယ် ဖြစ်ပါတယ်။ ကျွန်မမှ ယာဉ်အိုယာဉ်ဟောင်းများအပ်နှံရက် သတ်မှတ်ပေးခြင်းနှင့် ပတ်သက်၍ မေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ရှင့်။ ရထားပို့ဆောင်ရေးဝန်ကြီးဌာနရဲ့ ၈-၇-၂၀၁၄ ရက်နေ့စွဲဖြင့် ထုတ်ပြန်ထားသော မူဝါဒကြေညာချက်အရ စက်မှုဇုန်ထုတ်ကားများကို ၁၄-၇-၂၀၁၄၊ သုံးဘီးကားများကို ၁-၈-၂၀၁၄၊ အနှစ် ၂၀ ကျော်ကားများကို ၁-၉-၂၀၁၄၊ ၂ က ကားများကို ၆-၁၀-၂၀၁၄ ရက်နေ့တွင် ဖျက်သိမ်းရန်အတွက် စတင်အပ်နှံခွင့်ပြုခဲ့ရာ ယာဉ်အိုယာဉ်ဟောင်းများ စုစုပေါင်းဦးရေ ခန့်မှန်းခြေသုံးသိန်းခန့်ရှိပြီး ၃၁-၁၂-၂၀၁၄ ရက် နောက်ဆုံးထားအပ်နှံမှသာ အစား ထိုးတင်သွင်းသွားသောကားများကို ကညနခွန်လျှော့ပေါ့ခံစားခွင့်ပြုမည်ဖြစ်သဖြင့် ယာဉ်အိုယာဉ် ဟောင်းများ ပိုင်ရှင်များ စုပြုံအပ်နှံပြီး ဂျပန်လေလံတွင် အလုအယက်လေလံဆွဲဝယ်ယူမှုကြောင့် လေလံဈေးများ နှစ်ဆကျော်၊ လေးဆကျော်မှ လေးဆအထိ ဈေးတက်ပြီးဝယ်ယူနေကြခြင်းကြောင့် ပြည်သူများ နစ်နာကြပါတယ်။ ယာဉ်အိုယာဉ်ဟောင်းများကို အစားထိုးကားဝယ်ယူရန်အ ငွေကြေးစုဆောင်းရန် လုံလောက်သော အချိန်အ င်းအတာတစ်ခု မလွဲမသွေလိုအပ်မည်ဖြစ်ရာ ကားပိုင်ရှင်များ၏ လူနေမှုဘဝ ယုတ်လျော့မှုမဖြစ်စေရေးနှင့် အစိုးရမှ ပြည်သူ့ဘဝမြှင့်တင်ရေး အတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ စက်မှုဇုန်ထုတ် ကားများ၊ သုံးဘီးကားများ၊ နှစ် ၂၀ ကျော်ကားများကို ဖျက်သိမ်းရန်အတွက် ၃၁-၁၂-၂၀၁၄ ရက်နေ့ တွင် နောက်ဆုံးထားအပ်နှံရန် သတ်မှတ်ခြင်းကို ၃၁-၁၂-၂၀၁၅ ရက်နေ့သို့ တိုးမြှင့်ပေးနိုင်ခြင်းရှိ/မရှိ သိလို၍မေးမြန်းရခြင်းဖြစ်ပါသည်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**မူကြမ်း**

**ဦးချန်မောင်(ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတေ င်းအပ်ပါတယ်ခင်ဗျာ။ မွန်ပြည်နယ်၊ မော်လမြိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ဌေးကြွယ်ရဲ့မေးခွန်းကို ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရဲ့ကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးချန်မောင်က ဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာနအနေနဲ့ ယာဉ်အိုယာဉ်ဟောင်းများ ဖျက်သိမ်းပြီး အစားထိုးတင်သွင်းခြင်းစီမံချက်ကို ၁၁-၉-၂၀၁၁ ရက်နေ့မှာ နိုင်ငံပိုင်သတင်းစာမှာကြေညာခဲ့ပြီးတော့ မှတ်ပုံတင်သက်တမ်း အနှ ၄၀ ကျော် စ အက္ခရာယာဉ်များမှစတင်ပြီး အက္ခရာစဉ်အလိုက် ဆောင်ရွက်ပေးခဲ့ပါတယ်။ ၂က အက္ခရာယာဉ်များကိုလည်း ၆-၁၀-၂၀၁၄ ရက်နေ့မှစ၍ ပိုင်ရှင်ရဲ့ ဆန္ဒအရဖျက်သိမ်းပြီး ပြည်ပမှ အစားထိုးတင်သွင်းခွင့်ပြုလျက်ရှိပါတယ်။ ပြည်ပမှတင်သွင်းလာတဲ့ မော်တော်ယာဉ်များအပေါ်မှာ ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခ ကောက်ခံရာမှာ စ မှ ပ အက္ခရာ အထိအပ်နံ့ပြီး အစားထိုးတင်သွင်းတဲ့ယာဉ်တွေကို ၄၀ ရာခိုင်နှုန်း၊ ဗ အက္ခရာယာဉ်မှစ၍ ၂က အက္ခရာအထိယာဉ်များကို ၆၀ ရာခိုင်နှုန်း လျှော့ပေါ့ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

၁၄-၇-၂၀၁၄ ရက်နေ့မှစ၍ ပြည်တွင်းစက်မှုဇုန်ယာဉ်များကို ဖျက်သိမ်းခွင့်ပြုပြီး အစားထိုးတင်သွင်းရာမှာ ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ႈ ၂၀ ရာခိုင်နှုန်းလျှော့ပေါ့၍လည်းကောင်း၊ ၁-၈-၂၀၁၄ ရက်နေ့မှစ၍ သုံးဘီးယာဉ်များကို ဖျက်သိမ်းခွင့်ပြုပြီး အစားထိုးတင်သွင်းရာမှာ သုံးဘီးယာဉ်သာ ပြန်လည်တင်သွင်းရင် ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ႈ ၄၀ ရာခိုင်နှုန်း၊ မော်တော်ယာဉ်အဖြစ် အစားထိုးတင်သွင်းရင် ပြည်ပတင်သွင်းယာဉ် မှတ်ပုံတင်ခ ၂၀ ရာခိုင်နှုန်း လျှော့ပေါ့၍လည်းကောင်း၊ ၁-၉-၂၀၁၄ ရက်နေ့မှစ၍ ဘယ်အက္ခရာမဆို မော်တော်ယာဉ်ထုတ်လုပ်တဲ့ခုနှစ်၊ ပုံစံ၊ အနှစ် ၂၀ ကျော်ယာဉ်တွေကို ဖျက်သိမ်းအစားထိုးတင်သွင်းရင် ပြည်ပတင်သွင်းယာဉ် မှတ်ပုံင ၂၀ ရာခိုင်နှုန်းလျှော့ပေါ့၍လည်းကောင်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ယာဉ်အိုယာဉ်ဟောင်းပိုင်ဆိုင်သူများရဲ့ဆန္ဒအရ ဖျက်သိမ်းပြီးတော့ အစားထိုးတင်သွင်းရာမှာ ယာဉ်ပိုင်ဆိုင်မှု ဆုံးရှုံးခြင်းမဖြစ်စေရေးအတွက် ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခ လျှော့ စဉ်းစားပေးခြင်းဟာ နိုင်ငံတော်ရဲ့စေတနာအမှန်ဖြစ်သော်လည်း အချို့စီးပွားရေးသမားများဟာ ဒီအခြေအနေပေါ်မှာ အခွင့်ကောင်းယူပြီးတော့ ယာဉ်ဟောင်းများဝယ်ယူပြီး ဈေးကစားမှုပြုတဲ့အတွက်

ယာဉ်အိုယာဉ်ဟောင်းဖျက်သိမ်းတဲ့ပုံစံ အများအခေါ် စလစ်ရဲ့ဈေးဟာကြီးမြင့်ပြီးတော့ အမှန်တကယ် ဝယ်ယူလိုသူများအတွက် ဝန်ထုပ်ဝန်ပိုးသဖွယ်ဖြစ်လာကြောင်း စိစစ်တွေ့ရှိ ပါတယ်။ ဒါ့အပြင် လက်ရှိအခြေအနေအားဖြင့် အန္တရာယ်မကင်းလို့သတ်မှတ်ပြီးတော့ ဖျက်သိမ်းဖို့ ဆောင်ရွက်သင့်တဲ့ ယာဉ်စီးရေလည်း နည်းလာတာတွေ့ပါတယ်။ ဥပဓိရုပ်မကောင်းတဲ့ ယာဉ်စီးရေလည်း လျော့နည်းလာ တာကို စိစစ်တွေ့ရှိရပါတယ်။ အဲ့ဒီအတွက်ကြောင့် ၁-၁-၂၀၁၅ ရက်ကစပြီး ယာဉ်ဟောင်းအပ်နှံပြီး အစားထိုးတင်သွင်းတဲ့ ယာဉ်အမျိုးအစားအားလုံးကို ရာခိုင်နှုန်းလျှော့ပေါ့ပေးခြင်းမပြုတော့ဘဲနဲ့ ယာဉ် ဟောင်းအပ်နှံလျက် အစားထိုး/ဝယ်ယူခွင့်ကိုသာ ဆောင်ရွက်ပေးမှာဖြစ်ကြောင်း အများပြည်သူ သိ စေရန်အတွက် ၈-၇-၂၀၁၄ ရက်နေ့ထုတ်သတင်းစာများမှာ ကြိုတင်၍ ကြေညာအသိပေးခဲ့ပါတယ်။

သုံးဘီးအပါအဝင် မော်တော်ယာဉ်ပိုင်ရှင်များဟာ ယာဉ်အိုယာဉ်ဟောင်းအပ်နှံရာမှာ မအပ် မနေရအပ်နှံစေခြင်းမဟုတ်ဘဲ အပ်နှံလိုတဲ့ဆန္ဒရှိမှသာ အပ်နှံပြီးတော့ အစားထိုးတင်သွင်းခွင့်ပြုစေ ခြင်းဖြစ်ပါတယ်။ အပ်နှံခြင်းမပြုတဲ့ မော်တော်ယာဉ်တွေအားလုံးကို လုပ်ထုံးလုပ် နည်းနှင့်အညီ မှတ်ပုံတင်သက်တမ်း တိုးပေးလျက်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးချန်မောင်(ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ ယာဉ်အိုယာဉ်ဟောင်း အပ်နှံခြင်းစီမံချက်ကို ၁၉-၉-၂၀၁၁ ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့တဲ့အတွက်ကြောင့် ၃ နှစ် ကြာခဲ့ပြီ ဖြစ်ပါတယ်။ အစားထိုးတင်သွင်းရာမှာ ဂျပန်မှာ လေလံဆွဲပြီးတော့ ဝယ်ယူမှုသာမက ယာဉ်ဝယ်ယူ သူများအဆင်ပြေစေဖို့အတွက် မြန်မာနိုင်ငံအတွင်းမှာ အရောင်းပြခန်း၊ အရောင်းစင်တာများ ဖွင့်လှစ် ဆောင်ရွက်ပေးခဲ့ရာမှာ အရောင်းပြခန်း ၁၄ ခန်းနှင့် အရောင်းစင်တာ ၁၈၃ ခုဖွင့်ထားပြီးဖြစ်တဲ့ အတွက်ကြောင့် အစားထိုးဝယ်ယူခြင်းက လွယ်ကူစွာဆောင်ရွက်နေနိုင်ပြီဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်ကြီး တင်ပြတဲ့စက်မှုဇုန်ထုတ်ကား၊ သုံးဘီးကားနှင့် ထုတ်လုပ်မှုသက်တမ်း နှစ် ၂၀ ကျော်ကားတွေကို အစားထိုးတင်သွင်းရန်အတွက် ဇုန်ထုတ်ယာဉ်များ အပ်နှံခွင့်ပြုထားတဲ့ ၁၄-၇-၂၀၁၄ ရက်နေ့မှာ ကျွန်တော်တို့ရဲ့စာရင်းအရ ဇုန်ထုတ်ယာဉ် ၉၈၅၉၂ စီးရှိပြီးတော့ အဲ့ဒီရက်က ၃၁-၁၀-၂၀၁၄ အထိ ၁၄၁၆၃ စီး အပ်နှံမှုပြုပြီးဖြစ်တဲ့အတွက်ကြောင့် အပ်နှံရန်ကျန်တဲ့ ဇုန်ထုတ်ယာဉ် ၈၄၄၂၉ စီးကျန်ရှိကြောင်း၊ သုံးဘီးကားများ အပ်နှံခွင့် ပြုတဲ့ ၁-၈-၂၀၁၄ ရက်နေ့မှာ မိမိတို့ရဲ့ စာရင်းအရ သုံးဘီးကား ၁၂၄၀ စီးရှိပြီး အဲ့ဒီရက်က ၃၁-၁၀-၂၀၁၄ ရက်နေ့အထိ ၅၃၀ စီး အပ်နှံမှုပြုတဲ့အတွက် အပ်နှံနိုင်တဲ့သုံးဘီးကား ၇၁၀ စီးကျန်ရှိကြောင်း၊ ထုတ်လုပ်မှုသက်တမ်း နှစ် ၂၀

ကျော် အပ်နှံခွင့်ပြုထားတဲ့ ၁-၉-၂၀၁၄ ရက်နေ့မှာ မိမိတို့ရဲ့စာရင်းအရ နှစ် ၂၀ ကျော်ကား ၁၄၂၉၃၆ စီးရှိသော်လည်း အဲ့ဒီထဲမှာ ဌာနဆိုင်ရာယာ ၃၉၉၄၇ စီးပါတဲ့အတွက်ကြောင့် ပုဂ္ဂလိကပိုင်ယာဉ် ၁၀၂၉၈၉ စီးသာရှိပါတယ်။ အဲ့ဒီရက်က ၃၁-၁၀-၂၀၁၄ ရက်နေ့အထိ ၁၃၂၃၀ စီး အပ်နှံပြီးဖြစ်တဲ့ အတွက်ကြောင့် အပ်နှံနိုင်တဲ့ နှစ် ၂၀ ကျော်ယာဉ် ၈၉၇၅၉ စီး ကျန်ကြောင်း တွေ့ရပါတယ်။

ကျွန်တော်တင်ပြချက်အရ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြထားတဲ့ ယာဉ် ၃ မျိုး သတ်မှတ် ရက်ဖြစ်တဲ့ ၃၁-၁၂-၂၀၁၄ ရက်နေ့အမီအပ်နှံဖို့ ယာဉ်အရေအတွက်က ၃၁-၁၀-၂၀၁၄ စာရင်းအရ ၁၇၄၈၉၈ စီးရှိကြောင်း တွေ့ရပါတယ်။ အဲ့ဒီယာဉ်တွေကို ပိုင်ရှင်များရဲ့ဆန္ဒအရ လက်ရှိအပ်နှံတဲ့ အနေအထားကိုစိစစ်ရာမှာ ဇုန်ထုတ်ယာဉ်တွေထဲမှာတော့ ဂျစ်ယာဉ်ကိုသာအပ်နှံပြီးတော့ Bus, Mini Bus, Micro Bus, Truck, LightTruck စတဲ့ယာဉ်တွေ အပ်နှံမှုနည်းပါးတာ တွေ့ရပါတယ်။ နှစ် ၂၀ ကျော်ယာဉ်များမှာလည်း အရည်အသွေးညံ့ပြီးတော့ ဥပဓိရုပ်မကောင်းတဲ့ယာဉ်တချို့သာ လာရောက် အပ်နှံပြီးတော့ အခြေအနေကောင်းတဲ့ယာဉ်များ အပ်နှံမှုနည်းပါးကြောင်းတွေ့ရပါတယ်။ ဒီနေ့အထိ အပ်နှံမှုအရေအတွက်နည်းပါးမှုဟာ ယာဉ်ဟောင်းအပ်နှံမှု လက်ခံဆောင်ရွက်ပေးတဲ့ ကျွန်တော်တို့ ဝန်ကြီးဌာနမှာရှိတဲ့ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးတွေက လုပ်ငန်းမနိုင်လို့ နည်းပါး ရခြင်းမဟုတ်ဘဲနဲ့ ပိုင်ရှင်များရဲ့ဆန္ဒအရ အပ်နှံမှုနည်းခြင်းဖြစ်တဲ့အတွက်ကြောင့် ၃၁-၁၂-၂၀၁၄ ရက်နေ့နောက်ဆုံးထား၍ အပ်နှံရန်သတ်မှတ်ချက်ကို တိုးမြှင့်ပေးရန်အစီအစဉ် မရှိပါကြောင်းနှင့် ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခ လျှော့ပေါ့ခံစားနိုင်မယ့် ၃၁-၁၂-၂၀၁၄ ရက်မတိုင်ခင် ယာဉ်ပိုင်ရှင် တွေက သူတို့ရဲ့ဆန္ဒအရ အဲ့ဒီယာဉ်တွေကို လာပြီးအပ်မယ်ဆိုရင် ကျွန်တော်တို့ရဲ့ ကုန်းလမ်းပို့ဆောင် ရေးညွှန်ကြားမှုဦးစီးဌာနက ဦးစားပေးအဖြစ်အချိန်ပေးပြီးတော့ အပ်နှံမှုအတိုင်းပြည့်မီအောင် လက်ခံ ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခ လျှော့ပေါ့ မှုရရှိဖို့အတွက်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးချန်မောင်(ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ သတ်မှတ်ထားသော်လည်းပဲ အပ်နှံတဲ့ပြည်သူများ ထိခိုက်နစ်နာမှုမဖြစ်စေရေးအတွက် အပ်နှံထားတဲ့ယာဉ်များအတွက် အစားထိုး တင်သွင်းမှုကို နောက်ထပ် ၃ လအချိန်တိုးပေးပြီးတော့ ၃၁-၃-၂၀၁၅ အထိ ပြည်ပတင်သွင်းယာဉ် မှတ်ပုံတင်ခလျှော့ပေါ့မှုနဲ့ ကနဦးမှတ်ပုံတင်ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ၃၁-၁၂-၂၀၁၄ အမီ ယာဉ်များအပ်နှံရေး၊ ၃၁-၃-၂၀၁၅ မတိုင်မီ တင်သွင်းတဲ့ယာဉ်တွေ ကျွန်တော်တို့

ရုံးမှာ လာရောက်မှတ်ပုံတင်ဆောင်ရွက်ပေးရေးအတွက် နေ့စဉ်ထုတ်သတင်းစာများမှာလည်း အသိပေးနှိုးဆော်ထားပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**နိုင်ငံတော်သမ္မတ၏ ကျန်းမာရေးကဏ္ဍမြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာ မူဝါဒများအနက် သာတူညီမျှကျန်းမာရေး လွှမ်းခြုံစနစ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေအား သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဒေါက်တာနေလင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာနေလင်း(ဆိပ်ကမ်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကမ်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာနေလင်း ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနှစ် ၃၁-၁-၂၀၁၄ ရက်နေ့မှာ ကျင်းပခဲ့တဲ့ နိုင်ငံတော်သမ္မတကြီးရဲ့ ကျန်းမာရေးကဏ္ဍမြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲမှာ နိုင်ငံတော်သမ္မတကြီးက မိမိတို့၏ ကျန်းမာရေးမျှော်မှန်းချက်သည် ကျန်းမာသန်စွမ်းသော Health, Healthy Nation ဖြစ်ရန် ဖြစ်ပါကြောင်း၊ လူတိုင်းကျန်းမာပြီး သက်တမ်းစေ့နေနိုင်ရန်ဖြစ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ ကျန်းမာရေးအဆင့်အတန်းကိုကြည့်ရာတွင် လူ့သက်တမ်းများ နိမ့်နေသလား။ မြင့်နေသလား။ ကျန်းမာရေးမူဝါဒ ငွေကြေးသုံးစွဲမှု လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မှုနဲ့ ဆင်းရဲချမ်းသာမရွေး နိုင်ငံသားတိုင်း လက်လှမ်းမီနိုင်သောကျန်းမာရေး (Universal Health Coverage) စသည်တို့ကိုကြည့်ပြီး ဆုံးဖြတ်ခြင်းဖြစ်သည့်အတွက် ကျန်းမာရေးအဆင့်အတန်း မြှင့်တင်နိုင်ရေးအတွက် ထိုအချက်များကို အဓိကထားပြီး မြှင့်တင်ရမည်ဖြစ်ပါကြောင်း လမ်းညွှန်မှာ ကြားခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉-၆-၂၀၁၄ ရက်နေ့မှာကျင်းပတဲ့ ဒုတိယအကြိမ် ကျန်းမာရေးကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေးအစည်းအဝေးမှာပဲ နိုင်ငံတော်သမ္မတကြီးက မြန်မာနိုင်ငံတွင် လူတိုင်းလက်လှမ်းမီသည့် သာတူညီမျှကျန်းမာရေးလွှမ်းခြုံစနစ်ကို ကမ္ဘာ့ဘဏ်မှ နည်းပညာ၊ ငွေကြေးအကူအညီတို့ဖြင့် အစပျိုးဆောင်ရွက်ရန် နိုင်ငံတော်အစိုးရမှ စီစဉ်ဆောင်ရွက်ပေးပြီးဖြစ်ပါကြောင်း ပြည်သူအားလုံး ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်သည့်အချိန်တွင် ငွေကြေးတစ်စုံတရာ ဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲ လွယ်ကူလျင်မြန်စွာရရှိနိုင်ရေး ကြိုးပမ်းမည့်စနစ်ဖြစ်ပါကြောင်း၊ ထိုစနစ်ကို သုံးစွဲခြင်းဖြင့် ကျန်းမာရေးစောင့်ရှောက်မှုခံယူသူ ပြည်သူလူထုအားလုံး၏ ကျန်းမာရေးအဆင့်အတန်းကိုလည်း တိုးတက်မြင့်မားလာစေမည်ဖြစ်ပါကြောင်း စသဖြင့် လမ်းညွှန်မှာကြားခဲ့ပါ

တယ်။ သို့ဖြစ်ပါ၍ ကျန်းမာရေးဝန်ကြီးဌာနအပါအဝင် အုပ်ချုပ်ရေးကဏ္ဍရှိ သက်ဆိုင်သည့်ဝန်ကြီးဌာနအဖွဲ့အစည်းများအနေဖြင့် လက်တွေ့ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် တစ်နိုင်ငံလုံး မည်သည့်ကာလတွင် လွှမ်းခြုံပြီးစီးနိုင်မည်ကို ဖြေကြားပေးနိုင်ပါရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဝင်းမြင့်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဧည့်သည်တော်များခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကမ်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာနေလင်း၏ ကြယ်ပွင့်ပြမေးခွန်းအား ပြန်လည်ဖြေကြားခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ကျွန်တော် ဖြေကြားရမယ့်အကြောင်းအရာတွေဟာ အနည်းငယ်ကျယ်ပြန့်တဲ့အတွက် အချိန်လည်းပိုပေးပါရန် ဦးစွာတင်ပြအပ်ပါတယ်။ လူတိုင်းလက်လှမ်းမီသော သာတူညီမျှ ကျန်းမာရေးလွှမ်းခြုံစနစ်အား မြန်မာနိုင်ငံတွင် ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ဦးစွာတင်ပြလိုပါတယ်။ ၂၀၁၄ ခုနှစ် ဇန်နဝါရီလကုန်မှာ နိုင်ငံတော်သမ္မတကြီးရဲ့ ကျန်းမာရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး အထူးအစည်းအဝေးမှာ မြန်မာနိုင်ငံအနေနဲ့ လူတိုင်းလက်လှမ်းမီသော သာတူညီမျှကျန်းမာရေးလွှမ်းခြုံစနစ် (Universal Health Coverage) စနစ်ကိုကျင့်သုံးရန် လမ်းညွှန်မှာကြားခဲ့ပါတယ်။ ထို့နောက် ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ မြန်မာနိုင်ငံသို့ လာရောက်ချိန်မှာ Universal Health Coverage အတွက် မြန်မာနိုင်ငံသို့ ငွေကြေးနှင့် နည်းပညာဆိုင်ရာပံ့ပိုးကူညီမှုများကိုလည်း ကတိကဝတ်ပြုခဲ့ကြပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ UHC နည်းလမ်းနဲ့ ကျန်းမာရေးပြုပြင်ပြောင်းလဲမှုများအတွက် မဟာဗျူဟာများ Strategic Directions for Health Reform through Universal Health Coverage စာတမ်းကိုပြုစုပြီး နိုင်ငံတော်အစိုးရနှင့် ကမ္ဘာ့ဘဏ်သို့ တင်ပြခဲ့ပြီးဖြစ်ပါတယ်။ အမျိုးသားကျန်းမာရေးကော်မတီကို ဒုတိယသမ္မတ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်၍ အသစ်ပြန်လည်ဖွဲ့စည်းခဲ့ပြီး ညှိနှိုင်းအစည်းအဝေးများလည်း ကျင်းပပြုလုပ်ခဲ့ပါတယ်။ ကျန်းမာရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာ နိုင်ငံတော်အဆင့် အလုပ်ရုံဆွေးနွေးပွဲကြီးငါးရပ်ကို ကျင်းပခဲ့ရာမှာ Universal Health Coverage and Health Care Financing Workshop သည်လည်း တစ်ခုအပါအဝင်ဖြစ်ပါတယ်။ အဆိုပါဆွေးနွေးပွဲမှ ထောက်ခံတင်ပြချက်များမှာ နိုင်ငံတော်အစိုးရမှ ဦးဆောင်၍

နိုင်ငံသားတိုင်းပါဝင်ရမည့် ပြည်သူ့ကျန်းမာရေးအာမခံစနစ်တစ်ရပ် ထူထောင်ရန်၊ ကျန်း စောင့်ရှောက်မှု လူတိုင်းလက်လှမ်းမီလွှမ်းခြုံရေးအတွက် အခြေခံဝန်ဆောင်မှုများ တိုးမြှင့်ဆောင်ရွက်ရန်၊ ကျန်းမာရေးဝန်ဆောင်မှု အသင့်ဖြစ်စေရေးဆောင်ရွက်ရန်၊ လူမှုကျန်းမာရေးအကာအကွယ်ပေးရေး တိုးချဲ့ဆောင်ရွက်ရန်၊ လူမှုကျန်းမာရေး အာမခံစနစ်တိုးမြှင့်ဆောင်ရွက်ရန် တို့ဖြစ်ပါတယ်။

လူတိုင်းလက်လှမ်းမီသော သာတူညီမျှ ကျန်းမာရေးလွှမ်းခြုံမှုစနစ်မှာ ရှုထောင့်သုံးမျိုးပါဝင်တာဖြစ်ပါတယ်။ ပထမရှုထောင့်ကတော့ Population Coverage ခေါ်တဲ့ လွှမ်းခြုံနိုင်တဲ့ လူဦးရေဆိုင်ရာရှုထောင့်၊ Service Coverage ခေါ်တဲ့ ကျန်းမာရေးဝန်ဆောင်မှု အမျိုးအစားဆိုင်ရာလွှမ်းခြုံမှုဆိုင်ရာရှုထောင့်၊ Financial Coverage ခေါ်တဲ့ ကျန်းမာရေးဆိုင်ရာ ငွေကြေးအကာအကွယ်လွှမ်းခြုံမှုဆိုင်ရာရှုထောင့်လို့ ကျွန်တော်တို့ ဆက်စပ်နေတဲ့ ရှုထောင့်သုံးခုနဲ့ကြည့်ရမှာ ဖြစ်ပါတယ်။

အဆိုပါ Population coverage, service coverage နှင့် financial coverage ကိစ္စရပ်များကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ World Bank တို့နှင့် အကြိမ်ကြိမ်ဆွေးနွေးခဲ့ပြီးတော့ Universal Health coverage ဆိုင်ရာ နိုင်ငံတကာအစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ပြည်တွင်း/ပြည်ပသင်တန်းများကိုလည်း ကျန်းမာရေးဝန်ကြီးဌာနအောက်မှာရှိတဲ့ ဦးစီးဌာနမှ သက်ဆိုင်ရာပညာရှင်များကို စေလွှတ်ကာ တက်ရောက်ဆွေးနွေးစေခဲ့ပါတယ်။

လူတိုင်းလက်လှမ်းမှီသော သာတူညီ ကျန်းမာရေးလွှမ်းခြုံစနစ်အရ မြန်မာနိုင်ငံတွင် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် အချိန် လနှင့်ပတ်သက်ပြီး ပထမဦးစွာ လူဦးရေလွှမ်းခြုံမှုနဲ့ ပတ်သက်ပြီးတော့ ကျွန်တော် တင်ပြလိုပါတယ်။ တိုင်းဒေသကြီးနဲ့ပြည်နယ် ၁၄ ခု နှင့် နေပြည်တော်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ငါးခု၊ ခရိုင် ၇၃ ခု၊ မြို့နယ် ၃၃၀၊ ကျေးရွာအုပ်စုပေါင်း ၁၃၇၄၂ စုနှင့် ကျေးရွာပေါင်း ၆၅၁၄၈ ရွာခန့်မှာ မှီတင်းနေထိုင်ကြတဲ့ ၅၁ သန်းကျော်သော လူဦးရေမှာ လူမျိုးစု ၁၃၇ မျိုးပါဝင်ပြီး ကိုးကွယ်ရာဘာသာမျိုးစုံပါဝင်နေတာကိုလည်း တွေ့ရှိရပါတယ်။ မှီတင်းနေထိုင်ရာ နယ်မြေဒေသအလိုက်(Geographical Location) အရသော်လည်းကောင်း၊ ခက်ခဲနေသေးတဲ့ လမ်းပန်းဆက်သွယ်ရေးအရသော်လည်းကောင်း၊ လူမျိုးစုဒေ ခေတ်နောက်ကျတဲ့ အစွဲအလမ်းများအရသော်လည်းကောင်း၊ မတူကွဲပြားသောစီးပွားရေး၊ လူမှုရေး ယဉ်ကျေးမှုအခြေအနေများအရသော်လည်းကောင်း၊ မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသားအားလုံ သာတူညီမျှ ကျန်းမာရေးစောင့်ရှောက်မှု တစ်ပြေးညီပေးနိုင်စွမ်းရှိရန်ကိစ္စမှာ ကန့်သတ်ချက်များ

ရှိနေဦးမည်ဖြစ်ပါတယ်။ တိုင်းရင်းသားအဖွဲ့အစည်းအသီးသီးမှလည်း ၎င်းတို့ရဲ့ နယ်မြေဒေသအတွင်း တစ်နိုင်တစ်ပိုင်ပေးနေတဲ့ ကျန်းမာရေးဝန်ဆောင်မှုများကလည်း ကျန်မာရေးဝန်ကြီးဌာနရဲ့ ပြည်သူ့ကျန်းမာရေးစနစ်နှင့်အပြိုင် ကျန်းမာရေးစနစ်များကဲ့သို့ တည်ရှိနေရာ အလိုက်သင့်ညှိနှိုင်း ပေါင်းစပ်နိုင်စွမ်းမရှိခဲ့လျှင် ကွဲပြားခြားနား သော Fragmented Health Care အသွင်ကိုဖြစ်ပေါ်စေပြီး Population coverage မှာ အခက်အခဲများ ဖြစ်ပေါ်စေနိုင်ပါတယ်။ ပြည်သူလူထုအားလုံး လွှမ်းခြုံနိုင်စေကာမူ ညံ့ဖျင်းသော ကျန်းမာရေးဝန်ဆောင်မှုများနှင့် မည်ကာမတ္တကျန်းမာရေးဝန်ဆောင်မှုများကို ပေးနေသည်ဆိုလျှင်လည်း ပြည်သူလူထု၏ စိတ်ကျေနပ်နှစ်သက်မှုကို ရရှိနိုင်မည်မဟုတ်သည့်အတွက် အောင်မြင်သည့် UHC စနစ်တစ်ခု ဖြစ်လာမည်မဟုတ်ပါခင်ဗျား။

နံပါတ်(၂) လွှမ်းခြုံမှုအနေနဲ့ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများဆိုင်ရာ လွှမ်းခြုံမှုအနေနဲ့ မြန်မာနိုင်ငံရဲ့ လက်ရှိကျန်းမာရေးစောင့်ရှောက်မှုမှာ ကျန်းမာရေးဝန်ကြီးဌာနသည် အဓိကကျန်းမာရေးစောင့်ရှောက်မှုပေးနေတဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။ အခြားဝန်ကြီးဌာနများဖြစ်တဲ့ ကာကွယ်ရေးဝန်ကြီးဌာန၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန စသည်တို့ဖြင့် ၎င်းတို့၏ဝန်ထမ်းများနှင့် မိသားစုများအတွက်လည်း ကျန်းမာရေးစောင့်ရှောက်မှုများကို သီးခြားအစီအစဉ်များနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ ပုဂ္ဂလိကကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍအနေနဲ့လည်း ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများဖွင့်လှစ်ပြီး ကုသမှုဆိုင်ရာကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိမြန်မာနိုင်ငံမှာ ပြီးပြည့်စုံသော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ငါးခုဖြစ်တဲ့ Promotive, Preventive, curative, rehabilitative and Palliative services များကို ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့်သာ ပေးနိုင်စွမ်းရှိပြီး အခြားဝန်ကြီးဌာနများအနေနဲ့ ကာကွယ်ရေးဝန်ကြီးဌာနမှအပ အခြားဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကကျန်းမာရေးစောင့်ရှောက်မှုတို့မှာ ကုသရေးလုပ်ငန်းကိုသာ ဇောင်းပေးလုပ်ကိုင်နေကြခြင်း ဖြစ်ပါတယ်။ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအတွက် ပြည်သူ့ဆေးရုံပေါင်း ၁၀၆၈ ရုံ၊ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနများအပြင် ကျေးလက်ကျန်းမာရေးဌာန ၁၆၉၆ ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲပေါင်း ၈၇၀၀ ကျော်တို့နဲ့ဖွဲ့စည်းဆောင်ရွက်လျက်ရှိသော်လည်း Population coverage အနေဖြင့် ချိန်ထိုးကြည့်မယ်ဆိုလျှင် ကျေးလက်နေပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လိုအပ်ချက်များ ရှိနေသေးသည်ကို တွေ့ရှိရမှာဖြစ်ပါတယ်။ ကျေးလက်ကျန်းမာရေးဌာနသည် ရှိနေတဲ့ကျေးရွာအုပ်စုအားလုံးရဲ့ ၁၂

ရာခိုင်နှုန်း၊ ကျေးလက်ကျန်းမာရေးဌာနခွဲသည် စုစုပေါင်းကျေးရွာအားလုံး၏ ၁၃ ရာခိုင်နှုန်းမျှသာရှိတဲ့ အတွက် Infrastructure လိုအပ်ချက်က အလွန်ကြီးမားကျယ်ပြန့်နေသည်ကို မြင်တွေ့ရမှာဖြစ်ပါ တယ်။ ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်အနေဖြင့်လည်း လက်ရှိပြည်သူ့ကျန်းမာ၊ စနစ်အတွင်း တာဝန်ဆောင်နေတဲ့ ဆရာဝန်အရေအတွက်မှာ ၉၈၄၅ ဦးဟာ စုစုပေါင်းဆရာဝန်အရေ အတွက် ၃၁၅၄၂ ခုရဲ့ ၃၁ ရာခိုင်နှုန်းသာရှိတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ အကယ်၍သာ Population coverage အတွက် ကျေးရွာအုပ်စုတိုင်းမှာ ကျေးလက်ကျန်းမာရေးဌာနထားရှိပြီး ကျေးရွာတိုင်းမှာ ကျေးလက်ကျန်းမာရေးဌာနခွဲများ ထားရှိမည်ဆိုပါက လက်ရှိ ရှိပြီးသား‌ ခြေခံကျန်းမာရေးဝန်ထမ်း နှင့် မည်သို့မျှလောက်နိုင်ခြင်းမရှိပါ။ လက်ထောက်ကျန်းမာရေးမှူးပေါင်း ၉၇၀၀ ကျော်နှင့် ဘက်စုံ သားဖွားဆရာမ ၅၅၀၀၀ ကျော် ထပ်မံမွေးထုတ်ရမည်ဖြစ်တဲ့အပြင် Population coverage နှင့် service coverage တို့အတွက် လူ့စွမ်းအားအရင်းအမြစ် လိုအပ်ချက်ကို ရေတိုနည်းဖြင့် ဖြေရှင်းရန် အခက်အခဲရှိသည်ကို ထင်ရှားစွာတွေ့မြင်နိုင်မှာ ဖြစ်ပါတယ်။ Infrastructure ပိုင်းနှင့် Human rescourses ပိုင်းမှာ ဖြည့်ဆည်းရန် လိုအပ်ချက်များပြည့်စုံလာသည့်တိုင် လိုအပ်တဲ့ကျန်းမာရေး စောင့်ရှောက်မှုများပေးရန် အတတ်ပညာနှင့် ဝန်ဆောင်မှုအဆင်သင့်ဖြစ်ခြင်း (Supply Side Readiness) နှင့် ပြည်သူအားလုံးအတွက် မဖြစ်မနေပေးရမည့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန် (Minimum Essential Health Package)ကို ဖော်ထုတ်ညှိနှိုင်းသဘောတူညီချက်ရယူခြင်း၊ အဆိုပါ ဝန်ဆောင်မှုလုပ်ငန်းများအပေါ် ကျန်းမာရေးစောင့်ရှောက်သူနှင့် အစောင့်အရှောက်ခံများ၏ ကျေနပ် လက်ခံနှစ်သက်မှု (Provider and Customer satisfaction)၊ ထိုဝန်ဆောင်မှုများရေရှည် တည်တံ့ နိုင်ရန် တည်ငြိမ်သည့် ငွေကြေးစီမံခန့်ခွဲမှု (Proper financial management for Universal Health Coverage) တို့ကို ညှိနှိုင်းဆောင်ရွက်ရဦးမည်ဖြစ်ပါတယ်။

ငွေကြေးဆိုင်ရာလွှမ်းခြုံမှုအနေနဲ့ ကျေနပ်ဖွယ်အရည်အသွေးမြင့် ကျန်းမာရေးဝန်ဆောင်မှုများ ကို ပြည်သူအားလုံးအတွက် လိုအပ်ချိန်တွင် လိုအပ်သလိုပေးရာမှာ ရေရှည်တည်တံ့နိုင်တဲ့ ကျန်း ရေးဆိုင်ရာငွေကြေးစီမံခန့်ခွဲမှုစနစ်ကို တည်ထောင်ကျင့်သုံးနိုင်ခြင်း၊ ထိရောက်စွာအကျိုးရှိစွာသုံးစွဲ ခြင်းနှင့် ပြည်သူများအားကျန်းမာရေးစရိတ်ထောင်း၍ ဆင်းရဲတွင်းနစ်ရခြင်းတို့ကို အကာအကွယ်ပေး နိုင်ခြင်း စတဲ့ ကိစ္စရပ်များသည် Universal Health Coverage ရဲ့ အဓိကရှုထောင့်တစ်ရပ်ပဲ ဖြစ်ပါ တယ်။ UHC Financial Indicator များဖြင့် WHO ရဲ့ သတ်မှတ်ချက်များကိုကြည့်မယ်ဆိုလို့ရှိရင် UHC လမ်းကြောင်းပေါ်မှာရှိတဲ့ တိုင်းပြည်နိုင်ငံတစ်ခုဟာ ကျန်းမာရေးစောင့်ရှောက်မှုအတွက်

ကိုယ့်ငွေကိုယ်ပေးရမည့် (Out of pocket expenditure) သည် စုစုပေါင်းကျန်းမာရေးအသုံး စရိတ်၏ ၃၀ မှ ၄၀ ရာခိုင်နှုန်းအတွင်းရှိခြင်း စုစုပေါင်းကျန်းမာရေးအသုံးစရိတ်သည် ဂျီဒီပီ၏ ၃ သို့မဟုတ် ၄ ရာခိုင်နှုန်းပမာဏရှိခြင်း လူဦးရေ၏ ၉၀ ရာခိုင်နှုန်းကျော်ကို ကျန်းမာရေးအတွက် တင်ကြိုထည့်ဝင်ငွေဖြင့် စီမံခန့်ခွဲသည့် (Prepayment and risk pooling scheme) အစီအမံမျိုး စောင့်ရှောက်မှုပေးခြင်း၊ ရာနှုန်းပြည့် လူမှုအကာအကွယ်ပေး ရမည့်အစီအစဉ် (Social assistance and social safety net program) များ တည်ရှိခြင်း စသည့်တွင် ပြည့်စုံမှာဖြစ်ပါတယ်။ လက်ရှိ အနေတွင် မြန်မာနိုင်ငံ၏ တစ်ခုတည်းသော ကျန်းမာရေးဘဏ္ဍာငွေလုံးငွေရင်းသည် ကျန်း‌ ဝန်ကြီးဌာန၏ ကျန်းမာရေးဘတ်ဂျက်သာလျှင်ဖြစ်ပါတယ်။ အဆိုပါဘတ်ဂျက်သည်ပင်လျှင် ပြည် လူထု၏ ကျန်းမားရေးစောင့်ရှောက်မှုအတွက် တိုက်ရိုက် ကုန်ကျခြင်းမျိုးအပြင် လစာ၊ ဝန်ထမ်းနေရာ၊ ဝန်ထမ်းနေအိမ်၊ လျှပ်စစ်မီတာ၊ စက်သုံးဆီစသည့် Operational cost များလည်း ပါဝင်နေပါတယ်။ ထိုအရာများမပါဝင်လျှင် ပြည်သူတစ်ဦးချင်းအတွက် ကျန်းမာရေးအသုံးစရိတ် ကျခံမှုသည် တစ်နှစ် လျှင် ၁၁ ဒေါ်လာနှုန်းရှိပါတယ်။ စိတ်ကျေနပ်ဖွယ်ကောင်းသည့် ကျန်းမာရေးစောင့်ရှောက်မှုအတွက် ပြည်သူ့ကျန်းမာရေး ကျခံမှု၊ သုံးစွဲမှုသည် အနည်းဆုံးတစ်နှစ်လျှင် ဒေါ်လာ ၃၀ မှ ၄၅ ဒေါ်လာ ရှိသင့်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အကြံပြုထားပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွ‌ ကျန်းမာရေးဘတ်ဂျက်မှာ ၆၅၂ ဘီလီယံကျပ်ဖြစ်ပြီး အစိုးရဘတ်ဂျက်၏ ၃.၈၄ ရာခိုင်နှုန်းဖြစ်ကာ ဂျီဒီပီ၏ ၀.၉၄ ရာခိုင်နှုန်းဖြစ်ပါတယ်။ စုစုပေါင်းကျန်းမာရေးအသုံးစရိတ်မှာ ပြည်သူလူထုရဲ့ ကိုယ့်ငွေ ကိုယ်ပေး (Out of pocket expenditure) မှာ ၆၅ မှ ၈၀ ရာခိုင်နှုန်းအထိရှိနေတာကို လေ့လာ တွေ့ရှိရပါတယ်။ ထို့အပြင် လူမှုဖူလုံရေးအာမခံမှအပ အခြားကျန်းမာရေးဆိုင်ရာ ကြိုတင်ထည့်ဝင် သည့် အစီအမံများလည်း ယနေ့အချိန်အထိ မကျင့်သုံးနိုင်သေးသည်ကို တွေ့ရမှာဖြစ်ပါတယ်။

မည်သည့်တိုင်းပြည်မဆို UHC သို့သွားရာလမ်းသည် နှစ်ကာလရှည်ကြာပြီး အခက်အခဲများ တွေ့ကြုံလေ့ရှိပါတယ်။ မြန်မာနိုင်ငံအဖို့ တင်ပြခဲ့တဲ့ Population coverage, service coverage နှင့် Financial coverage လုပ်ငန်းများကို UHC အတွက် တည်ဆောက်ရာမှာ အရေးကြီးဆုံး လုပ်ငန်းဖြစ်တဲ့ ကျန်းမာရေးဆိုင်ရာဘဏ္ဍာငွေစုဆောင်းရေး၊ တည်ငြိမ်ရေရှည်ခံသည့် ကျန်းမ စနစ်ဖြစ်စေရန် ကြိုတင်ထည့်ဝင်ငွေအာမခံစနစ် (မယူမနေရ ပြည်သူ့ကျန်းမာရေးအာမခံစနစ်) တို့ကို စတင်လုပ်ဆောင်ရန် လိုအပ်ပါတယ်။ ထို့ကြောင့် အဆိုပါကိစ္စရပ်များကို လက်တွေ့အကောင်အထည် ဖော်ဆောင်ရွက်ရန် အချိန်ကာလသည် ကြာမြင့်နိုင်မည်ဖြစ်ပြီး လက်ရှိအနေဖြင့် သက္ကရာဇ် ၂၀၃၀ မှာ

ပြီးပြည့်စုံသော မြန်မာနိုင်ငံတစ်ဝှမ်းလုံး လူတိုင်းလက်လှမ်းမီသည့် သာတူညီမျှ ကျန်းမာရေးလွှမ်းခြုံ စနစ်ရရှိရန် ရည်မှန်းဆောင်ရွက်နေပါကြောင်း ပြန်လည်ဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကြမ်းကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ ယနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးဆုံးပါပြီ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေး၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့် ဥပဒေကြမ်းကို ၂၁-၁၁-၂၀၁၄ ရက်နေ့မှာ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အပေါ် ဆွေးနွေးရန် အဆိုတင်သွင်းလိုသူများအနေနဲ့ ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၂၇-၁၁-၂၀၁၄ ရက်နေ့ ၁၂:၀၀ နာရီအချိန် နောက်ဆုံးထားပြီး အမည်စာရင်းပေးပို့ရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၅)ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၄) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၅)ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀:၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀:၃၅။**

**မူကြမ်း**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့ကို ၁၀း၃၅ နာရီအချိန်တွင် ရပ်နားပါသည်။]